ကျောင်းသား/သူများခင်ဗျာ နိုင်ငံတကာစံချိန်မှီသင်ယူမှုခရီးစဉ်ကို Yu Chang Technical & Commercial Vocational Senior High School (YCVS)နှင့်အတူ စတင်ကြပါစို့။

ကျွန်ုပ်တို့ Yu Chang နည်းပညာနှင့်ကူးသန်းရောင်းဝယ်ရေးအသက်မွေးဝမ်းကျောင်းအထက်တန်း ကျောင်း(YCVS) သည် Taipei Far Eastern Telecom Park အနီးတွင်တည်ရှိခြင်း၊ Far Eastern Groupနှင့်လည်း ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများရှိခြင်း နှင့် ကျောင်းသား/သူများလေ့လာသင်ယူနိုင်သောပတ်ဝန်းကျင် ကောင်းတစ်ခုကို ဖန်တီးပေးထားပါသည်။ YCVS နှင့်အတူတကွပူးပေါင်းဆောင်ရွက်သော တက္ကသိုလ်မှာAsia Eastern University of Science and Technologyဖြစ်ပါသည်။ ဤတက္ကသိုလ်မှ YCVSကို လမ်းလျှောက်လျှင် ၇မိနစ်သာကြာပြီး ကျောင်းနေဆောင်များသန့်ရှင်း၍ ၂၄နာရီလုံခြုံရေးထားရှိပေးပါသည်။

ကျွန်ုပ်တို့ကျောင်းသည် အလုပ်တစ်ဖက်နှင့်စာသင်နိုင်သော စနစ်ကိုတွဲဖက်ကျင့်သုံးထားပြီး ကျောင်းသား၊သူများ စာသင်ယူခြင်းနှင့်အတူ အလုပ်(practice)ကိုလည်း တစ်လလျှင် NT$ 285900 ရရှိသောကြောင့် စာသင်စရိတ်ကို စာသင်ကြားရင်းနှင့်ပေါ့ပါးစွာ ကိုယ်တိုင်ရှာဖွေနိုင်ပါသည်။ ဘာသာရပ်အားလုံးကိုလည်း လုပ်ငန်းလိုအပ်ချက်အညီ လုပ်ငန်းလိုင်စင်ထောက်ပံ့ကြေးများနှင့် စာတော်လျှင်ပညာသင်ဆုကြေးငွေ NT$ 5000 ကိုလည်း semesterတိုင်း ချီးမြင့်ပေးမှာဖြစ်ပါသည်။ ထိုအပြင် ဘာသာစကားနှင့်နည်းပညာဆိုင်ရာ ထောက်ပံ့ကြေးကိုလည်း လျှောက်ထားနိုင်သည်။ ၈-၉လပိုင်း လုပ်ငန်းခွင်ကြိုသင်ပြင်ဆင်ရေးသင်တန်းကာလတက်ရောက်ချိန်မှာလည်း နိုင်ငံတကာ ကျောင်းသား/ သူများအတွက် Far Eastern Groupက နေ့လည်စာနှင့်ညစာကို ထောက်ပံ့ပေးမှာဖြစ်ပြီး EFTnet က SIMကတ်နှင့် ကျောင်းတွင်းအင်တာနက်ကို ထောက်ပံ့ပေးသည့်အတွက် ကျောင်းသား/သူများ အိမ်ကိုအကွာအဝေးမရှိ အချိန်တိုင်းဆက်သွယ်နိုင်မည်။

YCVS တွင် သတင်းအချက်အလက်နည်းပညာဘာသာရပ်ကို ၃နှစ်တက်ရောက်ပြီးလျှင် ဘာသာရပ်ကျွမ်းကျင်မှု အဆင့်မြှင့်တင်ရန်နှင့် အနာဂတ်ကာလမှာ လုပ်ငန်းခွင်ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြှင့်တင်စေရန်အတွက် Asia Eastern University of Science and Technology တက္ကသိုလ်၏ ဆက်သွယ်ရေးအင်ဂျင်နီယာမေဂျာကို စာမေးပွဲဖြေစရာမလိုဘဲ တိုက်ရိုက်တက်ရောက်နိုင်ပါသည်။

ထို့ကြောင့် နိုင်ငံတကာစံချိန်မှီ သင်ယူနိုင်ရေးခရီးစဉ်ကိုပါဝင်ရန် Yu Chang နည်းပညာနှင့် ကူးသန်းရောင်း ဝယ်ရေး အသက်မွေးဝမ်းကျောင်းအထက်တန်းကျောင်းနှင့်တကွ Asia Eastern University of Science and Technology တက္ကသိုလ်က လှိုက်လှဲစွာဖိတ်ခေါ်ပါသည်။